ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁)

အခွန်အယူခံခုံအဖွဲ့ရုံး

# လျှောက်လွှာခေါ်ယူခြင်း

၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်

( ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ လ ၁၅ ရက် )

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁)၊ အခွန်အယူခံခုံအဖွဲ့ရုံးတွင် လစ်လပ်လျက်ရှိသည့် အငယ်တန်းစာရေး (လစာနှုန်းကျပ်၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)ရာထူးနေရာ(၃)နေရာ၊စာရင်းကိုင်-၄ (လစာနှုန်းကျပ် ၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူးနေရာ (၁)နေရာ၊ စုစုပေါင်း အမှုထမ်းရာထူး (၄) နေရာအတွက် (၁၃-၁၂-၂၀၂၃) ရက်နေ့တွင် ကြော်ငြာခေါ်ယူခဲ့ပါသည်။

၂။ အထက်ပါ ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲအား (၁၀-၁-၂၀၂၄) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ စာရင်းကိုင်-၄ရာထူး(၁)နေရာအတွက်သာ လာရောက်ဖြေဆိုခဲ့ပါသဖြင့် အငယ်တန်းစာရေး ရာထူး(၃)နေရာ ထပ်မံခန့်ထားနိုင်ရေးအတွက် အောက်ပါသတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်၊

( ခ ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိရမည်။ ကွန်ပျူတာ ကျွမ်းကျင်စွာ အသုံးပြုနိုင်သူ ဖြစ်ရမည်၊ **(ဥပဒေဘွဲ့၊ အင်္ဂလိပ်စာဘွဲ့နှင့် ကွန်ပျူတာဘွဲ့ ရရှိသူများကို ဦးစားပေး ခန့်ထားမည်)**

( ဂ ) (၂-၂-၂၀၂၄)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး၊ အသက်(၂၇)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ပြီး၊ ရွေးချယ်ခန့်ထားခြင်းခံရပါက ဌာနတွင်းဖွင့်လှစ်သည့် သင်တန်းများနှင့် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်မှ ဖွင့်လှစ်သည့် သင်တန်းများသို့ တက်ရောက်နိုင်သူ ဖြစ်ရပါမည်၊

(ဃ) နိုင်ငံ့ဝန်ထမ်းများသည် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် လျှောက်ထားရမည်၊

( င ) ဝန်ထမ်းအဖြစ် ရွေးချယ် ခန့်အပ်ခြင်းခံရပါက အနည်းဆုံး (၃) နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်၊

( စ ) လာရောက်လျှောက်ထားသူများသည် အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း (Removal) ခံရသူများ မဖြစ်စေရ။ (ယခင် ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါက (သို့မဟုတ်)ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခဲ့ပါက ဌာန၏ နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူ ပူးတွဲ တင်ပြရမည်)

၃။ လျှောက်ထားသူများသည် လျှောက်လွှာပုံစံများကို Myanmar National Portal အခွန်အယူခံခုံအဖွဲ့ရုံးနှင့် အခွန်အယူခံခုံအဖွဲ့ Facebook Page တို့တွင် Download ရယူပြီး လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများကို ပြည့်စုံစွာ တင်ပြရမည်။

၄။ လျှောက်လွှာကို ညွှန်ကြားရေးမှူးချုပ်၊ အခွန်အယူခံခုံအဖွဲ့ရုံး၊ ရုံးအမှတ်(၅၇)၊ နေပြည်တော်သို့ လိပ်မူ၍ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် (၂-၂-၂၀၂၄) ရက်နေ့တွင် လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှသော်လည်းကောင်း နောက်ဆုံးထား ပေးပို့လျှောက်ထားရမည်။

၅။ အရည်အချင်း သတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက် မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများကို လုံး၀ (လုံး၀) ထည့်သွင်း လက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ အထက်ပါ ရာထူးနေရာများအတွက် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေ ဗဟုသုတဘာသာရပ်များ ပါ၀င်သည့် ရေးဖြေစာမေးပွဲကို (၇-၂-၂၀၂၄) ရက်နေ့တွင် ဖြေဆိုရမည်ဖြစ်ပြီး၊ ရေးဖြေ အောင်မြင်သူများကိုသာ (၉-၂-၂၀၂၄) ရက်နေ့တွင် လူတွေ့နှင့် ကွန်ပျူတာ စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်း၊ ခုံအမှတ်များကို Myanmar National Portal အခွန်အယူခံခုံအဖွဲ့ရုံးနှင့် အခွန်အယူခံခုံအဖွဲ့ Facebook Page နှင့် ရုံးအမှတ်(၅၇) ကြော်ငြာသင်ပုန်းတွင် ကြေညာပေးသွားမည် ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက အခွန်အယူခံခုံအဖွဲ့ရုံး၊ စီမံ၊ ၀န်ထမ်းရေးရာနှင့်သင်တန်းဌာနခွဲ ဖုန်း ၀၆၇၃-၄၃၀၀၄၅ ၊ ၀၆၇၃-၄၃၀၀၄၆ သို့ ဆက်သွယ် စုံစမ်း မေးမြန်းနိုင်ပါသည်။

**အခွန်အယူခံခုံအဖွဲ့ရုံး**